# မဟာသင်္ကြန်(အကျနေ့)တွင် နေပြည်တော်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၄

၂၀၁၂ ခုနှစ် ဧပြီ ၁၄ ရက် (၁၃၇၂ ခု တန်ခူးလဆန်း ၃ ရက်) မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကျနေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။



ပျဉ်းမနားမြို့၌ မဟာသင်္ကြန်(အကျနေ့)တွင် ပျော်ရွှင်စွာ ရေပက်ကစားကြသူများကို တွေ့ရစဉ်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ လှေခွင်းတောင်ဘုရား၊ အခြားတန်ခိုးကြီး ဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများ၊ သီတင်းသီလဆောက်တည်ကြသူများနှင့် ဘုရားရေသပ္ပာယ်ကြသူများလည်း များပြားခဲ့သည်။

**စည်ကားများပြားလျက်ရှိ**

ထို့ပြင် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ လှေခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်နှင့် အဝေရာဆည်တို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း အပန်းဖြေ ကမ်းခြေစခန်းများတွင် ပြည်သူများ စိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်း၊ အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက် သတိပေးနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆